# People's Defence Force (Kalay)

---

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဒီဇင်ဘာလ ၂၁ ရက်၊ ၂၀၂၁ ခုနှစ်

အင်အား ၁၅၀ ဝန်းကျင်ခန့် ပါဝင်သော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် ဒီဇင်ဘာလ ၁၉ ရက် ညပိုင်းမှ စတင်၍ ကလေးမြို့နယ်အနောက်တောင်ဘက် စတ္တန့်၊ ကျောက်ဂူဘက်မှ တောင်ဘက်သို့ဦးတည်၍ တောင်ခြေတလျှောက် စစ်ကြောင်းလျှောက်ဝင်ရောက်လာခဲ့ပြီး ယမန်နေ့ ဒီဇင်ဘာလ ၂၀ ရက် နံနက်အစောပိုင်းတွင် PDF (Kalay) တပ်ရင်း ၅ ၏ စခန်းဟောင်းနေရာတစ်ခုကို ဝင်ရောက်မီးရှို့ခဲ့ပါသည်။ ထို့နောက် နံနက် ၁၀ နာရီဝန်းကျင်ခန့်တွင် စီးစံကျေးရွာ၏ အနောက်ဘက် ဆုတောင်းကုန်းအနီးတွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များနှင့် PDF (Kalay)၊ CNDF ပူးပေါင်းတပ်ဖွဲ့များ စတင်ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ တောင်ဖီလာတောင်ပေါ်တွင် အထိုင်တပ်စွဲထားသည့် စစ်ကောင်စီတပ်များ၏ လက်နက်ကြီးပစ်ကူကို အကာအကွယ်ယူပြီး စီးစံရွာဘက်သို့ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များ ချဉ်းကပ်လာခဲ့ရာ PDF(Kalay) နှင့် CNDF ပူးပေါင်းတပ်ဖွဲ့များက စီးစံရွာပြင်သင်္ချိုင်းအနီးတွင် မွန်းလွဲ ၃ နာရီခန့်၌ ဖြတ်တောက်တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီ တပ်ဖွဲ့များက လက်နက်ကြီးများ၊ စက်လတ်များကို အဓိကအသုံးပြု၍ တရစပ်ပစ်ခတ်ပြီး စီးစံရွာသို့ ညနေ ၅ နာရီခန့်တွင် ဝင်ရောက်တပ်စွဲခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက စီးစံရွာအတွင်း နေအိမ် ၂ လုံးကို မီးရှို့ဖျက်စီးခဲ့သည့်အပြင် စစ်ကောင်စီတပ်ဖွဲ့များ ပစ်ခတ်သော လက်နက်ကြီးထိမှန်သဖြင့် စီးစံရွာရှိ နေအိမ် ၂ လုံးနှင့် ဆင်တောရွာရှိ နေအိမ် ၂ လုံး လည်း ပျက်စီးခဲ့ကြောင်းသိရပါသည်။ ထို့နောက် စီးစံရွာအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့များကို PDF (Kalay) နှင့် CNDF ပူးပေါင်းတပ်ဖွဲ့များက ည ၈ နာရီခန့်တွင် သွားရောက်ပစ်ခတ်ခဲ့ပြီး မိနစ် ၃၀ ခန့် တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ပါသည်။

ယမန်နေ့ ဒီဇင်ဘာလ ၂၀ ရက်နေ့ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီစစ်သား ၂ ဦး သေဆုံးကြောင်း သိရပြီး PDF (Kalay) နှင့် CNDF ပူးပေါင်းတပ်ဖွဲ့များဘက်မှ PDF (Kalay) တပ်ရင်း ၆ တပ်ဖွဲ့ဝင် ၁ ဦး အသက်ပေးဆပ်စွန့်လွှတ်ခဲ့ရပြီး PDF (Kalay) တပ်ဖွဲ့ဝင် ၁ ဦး၊ CNDF တပ်ဖွဲ့ဝင် ၁ ဦး စုစုပေါင်း ၂ ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

စီးစံရွာတွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နဂါးပွက်ရွာဘက်သို့ ပြောင်းရွှေ့သွားခဲ့ပြီး ထိုမှတဆင့် နည်းပညာတက္ကသိုလ်ဘက်သို့ တပ်ဖွဲ့အချို့ ထပ်မံပြောင်းရွှေ့ထားကြောင်းသိရပါသည်။

ကလေးမြို့နယ်တောင်ပိုင်းတွင် တိုက်ပွဲများ အချိန်မရွေး ထပ်မံဖြစ်ပွားနိုင်သောကြောင့် ပြည်သူများ အနေဖြင့် လုံခြုံသတိရှိစွာဖြင့် နေထိုင်သွားလာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။